ဇန်နဝါရီ (၁၀)

## ဤစကြာဝဠာအတွင်း အကြီးမြတ်ဆုံးသော ဆရာဝန်အား သင်တွေ့ရှိပြီးပြီလား?

**အ**နာရောဂါကို ပျောက်ကင်းစေခြင်းက မိမိတို့အတွက် ဆောက်တည်ရာမရဖြစ်လောက်အောင် လိုအပ်သည့် ကိုယ်ကာယဆိုင်ရာ လိုအပ်ချက်များစွာအနက်မှ တစ်ခုအစဉ်ဖြစ်ခဲ့သည်။ သူထံသို့ လာရောက်သူတိုင်းအား သခင်ယေရှုက ပျောက်ကင်းစေခဲ့ရာတွင် သူသည် သူတို့ကို ပျောက်ကင်းစေနိုင်ကြောင်းကို ယုံကြည်သောသူမှန်သမျှ မည်သူမဆိုလူတိုင်းကို ပျောက်ကင်းစေခဲ့သည်။ ထိုသူတို့ အနေနှင့် ကယ်တင်ခြင်းကို နားမလည်နိုင်မီ ၎င်းတို့၏ အရေးကြီး လတ်တလော လိုအပ်ချက်က ၎င်းတို့၏ခန္ဓာကိုယ်မှ အနာရောဂါ ပျောက်ကင်းရေးပင်ဖြစ်၍ သူတို့၏ဝိညာဉ်ရေးဆိုင်ရာ လိုအပ်ချက်များကို မပေးအပ် မပို့ချမီ သခင်ယေရှုက မကြာခဏဆိုသလို သူတို့အား ရှေးဦးစွာ ပျောက်ကင်းသက်သာစေခဲ့သည်။

ထိုထူးဆန်းအံ့သြဖွယ်ရာ အဖြစ်များ၏နေ့ရက်က အတိတ်မှာကျန်ခဲ့ခြင်းမဟုတ်။ ပြောင်းလဲခြင်းကို လိုအပ်သော ခန္ဓာကိုယ်များအား ပြောင်းလဲစေသည့် လုပ်ငန်းကို ဘုရားသခင်သည် လုပ်ဆောင်နေဆဲပင်ဖြစ်သည်။ သူသည် အကြီးမြတ်ဆုံးသော ဆေးဆရာကြီးအဖြစ်ရှိနေဆဲ။ သူက “ငါသည် သင်တို့၏ အနာရောဂါကို ငြိမ်းစေသောဘုရားဖြစ်သည်” (ထွက် ၁၅:၂၆) ဟုပြောနေဆဲ။ သူက “သင်၏ အပြစ်အလုံးစုံကို ဖြေလွှတ်၍ သင်၏ အနာရောဂါ ရှိသမျှတို့ကိုလည်း ပျောက်ကင်းစေတော်မူ၏” (ဆာလံ ၁၀၃း ၃) ရောဂါအချို့ သို့မဟုတ် အနည်းငယ် သို့မဟုတ် အများအပြား သို့မဟုတ် အားလုံးလိုလိုမဟုတ်။ ရောဂါအားလုံးကို ရှိသမျှကို ပျောက်ကင်းစေသည်။ ဘုရားသခင်သည် မည်သည့်အရာကိုမဆို ပျောက်ကင်းစေနိုင်သည်။

သူသည် သင်၏ ကောင်းကင်အဘဖြစ်ပြီး သင့်ကိုချစ်သည်။ သင်၏ ဆုတောင်းများကို ဖြေကြားသည်။ ဘုရားသခင်က ၎င်းတို့ကို လုပ်နိုင်သည်သာမက လုပ်လည်းလုပ်ဆောင်လိုသည်။ ထိုနေရာတွင် ကုသပျောက်ကင်းခြင်းရှိနေသည်။ သင်က  ယုံကြည်လိမ့်မည်ဆိုလျှင်  သူက ပျောက်ကင်းစေလိမ့်မည်။ သူ မိမိတို့ထံမှ တောင်းခံနေသည့် တစ်ခုတည်းသောအရာက သူ၏ နှုတ်ကပတ်တော်ထဲတွင်ရှိသော ဂတိတော်များကိုယုံကြည်ခြင်းအားဖြင့် သူ့အားယုံကြည်ခြင်းဖြင့် ဂုဏ်ပြုရန်ပင်ဖြစ်သည်။ ၎င်းကဤမျှပင် ရိုးစင်းလှပါသည်။ တန်ခိုးစွမ်းအား ရှိသမျှအားလုံးကို ကိုယ်တော်ပိုင်ဆိုင်ပါသည်။ ကျွန်ုပ်အားထိတွေ့လျက်ပျောက်ကင်းစေတော်မူပါ။ ကယ်တင်ရှင်ဘုရား။

၁။ Adelaide Addison Pollard ( 1862 -1934)